

# ကဖေး

## မောင်ချောနွယ်

အသစ်ထပ်မံစုစည်းမှု

mgyoe.com

mgyoe.com

ည ည အိပ်မပျော်ဘူးဗျလို့
အမြဲတမ်း ပြောပြောနေကျ
နှုတ်ခမ်းမွေးစစနဲ့ သဘော်ာဟာ
လက်ဖက်ရည် ပါဆော်ထုတ်ကလေးဆွဲပြီး
ပထမဦးဆုံးထွက်ခွာသွားတော့ရဲ့ ။
မီနီမားကက်နဲ့တူတဲ့ ကောင်မလေးနောက်
အော်စလိုဂျင်းဘောင်းဘီဝတ်ထားတဲ့
လူငယ်သဘော်ာက ငေါက်ခနဲ
လိုက်ပါခုတ်မောင်းသွားတော့ရဲ့။

ကဖေး

# မောင်ချောနွယ်

mcn0004

1200.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ ပုံနှိပ်သူ - ဒေါ်ဝင်းမာ
သရုပ်ဖော် - ငှအိပ်ထက်မြက်
၂၀၁၂၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

ကဗျာ
ဟောင်ချောနွယ် -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၁၀၁၊ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ
(၁) ကဗျာ

mgyoe.com

mgyoe.com

ကဗျာဆရာ 'စိုင်းဝင်းမြင့်' စုစည်းထားသော 'မောင်ချောနွယ်ရဲ့ မောင်ချောနွယ်' ကဗျာအစီအစဉ်ကို မေတ္တာဖြင့် လွှဲပြောင်းထုတ်ဝေပါသည်။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ခရီးလမ်း | ........ | ၁ |
| ၂။ | ကျက်သရေရှိသော လယ်ကွင်းများ | ........ | ၅ |
| ၃။ | ဆေးသားအနေးမန္တလေး | ........ | ၉ |
| ၄။ | ကဖေး | ........ | ၁၀ |
| ၅။ | ပြီးပါပြီ | ........ | ၁၃ |
| ၆။ | ညည်းချင်း | ........ | ၁၅ |
| ၇။ | စက်ဆန်းရဲ့ ဒိုယ်ညနေ | ........ | ၁၆ |
| ၈။ | စကြာဝဠာဆိပ်ကမ်းမှာ | ........ | ၁၈ |
| ၉။ | ဘတ်စ်မှတ်တိုင် | ........ | ၂၀ |
| ၁၀။ | ပဲခူးပွဲတော်ည | ........ | ၂၃ |
| ၁၁။ | မင်းကလေးဆိုးငါလွမ်း | ........ | ၂၄ |
| ၁၂။ | ဆုတောင်းခန်း | ........ | ၂၆ |
| ၁၃။ | အဖြေ | ........ | ၂၉ |
| ၁၄။ | ကော်ဖီတစ်ခွက်အကြောင်း | ........ | ၃၀ |
| ၁၅။ | ရေစီးရေဆန်ပုဏ္ဍာ | ........ | ၃၃ |
| ၁၆။ | မသေချာခဲ့မှုများအကြောင်း | ........ | ၃၅ |
| ၁၇။ | ခင်ဝမ်း | ........ | ၃၇ |
| ၁၈။ | မြစ်အကြောင်း | ........ | ၄၀ |
| ၁၉။ | ကားမရှိတဲ့ည | ........ | ၄၃ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၂၀။ | ဆရာဝန်တွန့်ခေါက်တောင်တန်း | ၄၆ |
| ၂၁။ | နေ့စဉ်စာရင်းဇယား | ၄၉ |
| ၂၂။ | လှို့ဝှက်ထား | ၅၁ |
| ၂၃။ | ခေါင်းစဉ်မဲ့ (၁) | ၅၃ |
| ၂၄။ | ခေါင်းစဉ်မဲ့ (၂) | ၅၅ |
| ၂၅။ | ခေါင်းစဉ်မဲ့ (၃) | ၅၇ |
| ၂၆။ | မင်းကလေးဆိုး၊ ငါလည်းဆိုး | ၅၉ |
| ၂၇။ | အစီးအနင်းများ | ၆၃ |
| ၂၈။ | မှောက်ဖဲ | ၆၅ |
| ၂၉။ | မိုးသစ်တိမ် | ၆၇ |
| ၃၀။ | ရက်စက်မှုသီအိုရီ | ၆၉ |
| ၃၁။ | မောင်ချောနွယ်ရဲ့လက်ဆောင် | ၇၁ |
| ၃၂။ | ရွှေနှင့်အိပ်စက် | ၇၃ |
| ၃၃။ | ရောဂါသည်းချိန် ဒီရေများ | ၇၄ |
| ၃၄။ | ရယ်သံများ | ၇၇ |
| ၃၅။ | မျက်ရည်စစ်စစ်တွေ | ၈၁ |
| ၃၆။ | ကိုယ်နဲ့ကိုယ့်အသက်နဲ့အဆက် အသွယ်ရသောနေ့ | ၈၅ |
| ၃၇။ | လူ ၂၁၊ ကမ္ဘာ ၂၁ | ၈၆ |
| ၃၈။ | အဖြေ (၂) | ၉၇ |
| ၃၉။ | ငါ့ကိုကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့က | ၉၉ |


□

mgyoe.com

mgyoe.com

## ခရီးလမ်း ၂၀၀၂

ခေတ်ပေါ်ကဗျာဆရာမောင်ချောနွယ် ကွယ်လွန်တာ (၅)နှစ် ပြည့်ခဲ့ပြီ။ ၂၀၀၂ ခုနှစ် (ဆရာမကွယ်လွန်မီ) နောက်ဆုံးရေး ခဲ့တဲ့ "ခရီးလမ်း" ကဗျာကို အမှတ်တရဖော်ပြလိုက်ပါတယ်။ (မထုတ်ဖြစ်လိုက်သော "ပန်းနုရောင်ဆံမျှင်များ၏ ချည်တိုင် ၂" ကဗျာစာအုပ်အတွက် ဆရာမောင်ချောနွယ် ရေးပေးသော အမှာစာကဗျာဖြစ်ပါတယ်။)

၁။
ငှက်ကလေးရေ
တို့လည်း မင်းလိုပဲ လေကိုဆန်ပျံသူတွေပါပဲ

၂။
ရွှေဝါးပင် ဝါးရုံရိပ်ကလေးအောက် ကျွန်တော်ရောက်ခဲ့တယ်
ရွှေရောင်ဝင်းဝါနေတဲ့ ဝါးပင်တွေကို ကြည့်ရင်း
ကျွန်တော်လည်း အဲဒီလို ရှားရှားပါးပါး ရွှေဝါးပင်ကလေး
ဖြစ်ခဲ့ချင်ပါတယ်။ ဖြစ်များဖြစ်နေသလား
ကျွန်တော့်ကိုယ် ကျွန်တော် စမ်းသပ်မိခဲ့ပါတယ်
ရွှေဝါးပင်ကလေးဟာ ကဗျာဆရာဖြစ်နေတာလား ကျွန်တော်တွေ့
ရှိရပါတယ်။

mgyoe.com

၃။
ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အသည်းနှလုံးတွေကို ထိန်းသိမ်းခဲ့ရပါတယ်
ဝမ်းနည်းဖွယ် အချက်အလက်တွေချည်းပါပဲ။
ကျွန်တော်တို့ရဲ့ နေ့စဉ်နေ့စဉ်ရက်များဟာ ဒဏ်ရာနဲ့ ရက်များချည်းပါပဲ။
ချစ်ခြင်းမေတ္တာရဲ့ ဟိုမှာဘက်ကမ်းမှာ ဘာများရှိပါသလဲ။
ကျွန်တော်တို့ဟာ ဘုတ်လိုလည်း တအီအီနဲ့ အီခဲ့ရပါတယ်
ကျွန်တော်တို့ဟာ ချိုးကလေးလိုလည်း တကူးကူး အော်မြည်ခဲ့ရပါတယ်
ကျွန်တော်တို့ဟာ ကျွန်တော်တို့ဘဝကို စူးထိုးလို့ စိုက်ပျိုးခဲ့ရပါတယ်
ဆုံးဖြတ်ချက်ချရန် ခက်ခဲတဲ့ အချက်အလက်အကြောင်း မြောက်များစွာ ကျွန်တော်တို့ ရရှိခဲ့ပါတယ်။
စူးရှနက်ရှိုင်းမှု တစ်ခုပေါ်မှာ ကျွန်တော်တို့ ရပ်ခဲ့မိကြပြန်သေးတယ်

ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဘဝတွေကို ကျောက်စိမ်းကွမ်းသလို ကွမ်းနေခဲ့ရပြန်ပါသေးတယ်။
လန်းလန်းဆန်းဆန်း ပန်းကလေးတွေ ပွင့်လန်း၊ ဒါကိုလည်း ကျွန်တော်တို့ ကြည့်ရှု ကြည်နူးခဲ့ရပါသေးတယ်။

နေ့တိုင်း နေ့တိုင်း ကျွန်တော်တို့ နက်ရှိုင်းခဲ့ကြရပါတယ်
နေ့တိုင်း နေ့တိုင်း ကျွန်တော်တို့ လှိုင်းထခဲ့ရပါတယ်
မြက်ကို တစ်ပင်ချင်းဆွဲတက်ရတဲ့ တောင်တက်လမ်းကို
ကျွန်တော်တို့ ရွေးချယ်မိခဲ့ကြပါတယ်။

၄။
ကလေးဘဝက တောလမ်းကွေ့ကလေးမှာ
ဆွေးဖွယ်ပန်းများ လွှမ်းခဲ့ပါပြီ။

mgyoe.com

အဝေးအရပ်ကို မျှော်ကြည့်လိုက်တော့
အနေအထားမှားတဲ့
သက်တန့်တံတား အောက်မှာ
ကျွန်တော်တို့ရဲ့ အသက်ရှင်ခြင်းတွေဟာ
မီးခိုးအပြာငွေ့ တစ်ငွေ့လို
ပျောက်ပြယ်ပြီး ပါးလျားသွားခဲ့ပါပြီ။

ပင်လယ်ပြာအေးမှာ ခြေဆေးပါရစေ
ရွှေနေခြည်ရေ။
ပတ္တမြားတိမ်အုပ်ကို ဆုပ်ကိုင်ပါရစေ
ရွှေနေခြည်ရေ။
ငှက်မွေးတောအုပ်ကို လှုပ်ကစားပါရစေ
ရွှေနေခြည်ရေ။
ချည်ကြိုးမှာ သီလာခဲ့
ဖြည်ကြိုးမှာ ပြေပါလည့်
တို့အိမ်ယာ ဘယ်မှာရှိတယ်
ပို့ခဲ့ပါ ကဗျာလေးတွေရယ်။ ။

မဟောသီ။
စက်တင်ဘာ၊၂၀၀၇။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## ကျက်သရေရှိသော လယ်ကွင်းများ

မြောက်လတ္တီတွဒ် (၁၉ ̊)ဒီဂရီ
သီရိခေတ္တရာပြည်ကပါ
ကျက်သရေရှိသော လယ်ကွင်းများကို
ပိုင်ဆိုင်သော မြို့ကလေးပြည်ပါ။
မိုက်ကယ်အိန်ဂျလိုဗြူနာတီရှိရေ . . .
ဗေဒါရီဟာ
သမင်မလေး မဟုတ်ချေဘူးကွဲ့
မင်းလို ငါလိုပါပဲ
သားလည်း မွေးနိုင်ပေရဲ့
ဓားလည်း သွေးနိုင်ပါပေရဲ့ကွယ်။
ကောလိပ်နည်းပြဆရာလေးရေ . . .
ဟောဒီ ဧရာဝတီမြစ်ကြီးထဲကနေ
ဗေဒါရီရဲ့ အချစ်တွေနဲ့
ဆယ်ခပ်ခဲ့တဲ့ ရေစင်တစ်စက်နဲ့
အချစ်မြို့တစ်မြို့ ဖြစ်တည်ခဲ့။
ဒို့ပြည်မှာလေ
ဗေဒါရီတို့ပြည်မှာ
နောင်တရအနုပညာရှင် ပြည်လှဖေတို့ ပြည်မှာ
ငါတည်ရှိပါတယ်ကွဲ့
မောင်ချောနွယ် တည်ရှိပါတယ်ကွဲ့
မလွယ်ကူတာတွေကို ဝယ်ယူရရှိခဲ့

mgyoe.com

mgyoe.com


ဒါကြောင့်ပဲ
ဒုနဲ့ထည်နဲ့ (ထုထည်) ဖြစ်ခဲ့ရတာပေါ့ကွာ။
ဆိုကြပါစို့
အဘိဓမ္မာ ဆိုကရေးတီးရေ . . .
ငါးမိနစ်အတွင်း သေစေတဲ့ ဟင်းမလောက်ရည်လိုပဲ
ဆိုကြပါစို့
ဒါဟာ မှန်ခဲ့တယ်
တစ်ခါတုန်း ရောက ပတ္တနဂါးမင်းကြီးရဲ့
ပြေးလမ်းကြောင်းဟာ
ရောဝတီမြစ်ကြီး ဖြစ်လာခဲ့သတဲ့။
ခုတော့
မြို့ကလေး ပြည်ဟာ
မြို့ကို မိုးရေနဲ့ သန့်စင်ပြီးပါပြီ
သစ်သားဦးနှောက်တွေ
ပုစွန်ဦးနှောက်တွေ

mgyoe.com


mgyoe.com

ဝက်ဦးနှောက်တွေ
ပိုးလောက်လန်းတွေကို
လှဲကျင်းပစ်လိုက်တယ်လို့ ဆိုရမှာပေါ့။
မကြာခင် မြို့ကလေးဟာ
စက်တင်ဘာ သြဇာသီးတွေနဲ့
ကမ္ဘာကြီးကို ပူဇော်ဖို့
အဆင်သင့်ဖြစ်နေတဲ့ မြို့ကလေးကပြောတယ်
မြင်းလှည်းလေးပေါ်က
သီရိခေတ္တရာ မြို့ကလေးကပြောတယ်
"နှလုံးသားတို့ရဲ့ လယ်ယာမှာ
ကဗျာမရှိရင်
ကမ္ဘာပျက်သုဉ်းသောနေ့ ဖြစ်လိမ့်မယ်" တဲ့။

အိုအောင်မှကျေးဇူးပြုသည်။
ပေဖူးလွှာ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


ဆေးသားအနွေး မန္တလေး

ဒီမှာလေ
မန္တလေးတောင်ရယ် ဇိမ်နဲ့ငိုက်လို့သူငေး
မြို့လေညှင်းမှာ နေရှိန်နဲ့ ခပ်လေးလေး
မြို့ရှုခင်းမှာ ရေချိန်နဲ့ ခပ်မှေးမှေး
မြို့ရိုးနဲ့ ကျုံးက ချွေးတွေနဲ့ ခပ်စေးစေး
သစ်သားဘတ်စ်ကားတွေက ခပ်ဖြည်းဖြည်း
မန္တလေးသူရဲ့ ပါးပေါ်မှာ သနပ်ခါးဟာ ခပ်နွေးနွေးမွှေး
မန္တလေးဘီယာတွေက (စည်းပြေးဝါးပြေး)
မြို့ကြီးသား မန္တလေးသားက ရမ်နဲ့မြီးသေး
ဒါကို မန္တလေးမြို့ကြီးက ဘီးပေါ်မှာ စီးတင်လို့ပြေး
မန္တလေးသွေးသားဟာ ဆေးသားအနွေး
မန္တလေးအတွင်းသားဟာ ဆေးသားအနွေး
ဆေးသားအနွေးနဲ့ ပြေးတဲ့မန္တလေး
နေရှိန်အဝေးပြေး မန္တလေး
ရေချိန်အနွေးနဲ့ ပြေးတဲ့မန္တလေး
ချွေးနဲ့ဆေးပါ မန္တလေး
ချွေးနဲ့ပြေးပါ မန္တလေး
တိုက်သစ်နံ့တွေ မွှေးတဲ့မန္တလေးရေ
မန္တလေးမြို့ကြီးကိုလေ
ကျွန်တော်က
ဘီးမှာ အသာတင်လို့
ချွေးစေးစေးနဲ့ စီးချင်ပါသေး။ ။

မြှားနတ်မောင်။
ဖေဖော်ဝါရီ၊၂၀၀၄။

mgyoe.com

mgyoe.com

ကဖေး

ဒီမှာ ဆိုက်မယ်
ဒီမှာ ဆိုက်မယ်
တစ်ပင်၊ နှစ်ပင်၊ သုံးပင်
တစ်စင်း၊ နှစ်စင်း၊ သုံးစင်း
ရှုမျှော်ခင်းတွေ ဆိုက်မယ်
ခြေချော်လက်ချော်တွေ ဆိုက်မယ်
ဘာကိုမေးလို့ ဘာမှန်းမသိတာတွေ ဆိုက်မယ်
မြို့တွေ၊ ရွာတွေ ဆိုက်မယ်
မာတင်ရှပ်အင်္ကျီနဲ့ ရာသီဥတုတွေ ဆိုက်မယ်
သဘော်ာဆေးတွေနဲ့ ရှုတ်ရှုတ်ယှက်ယှက်ဖြစ်နေကျ
ရှုတ်ရှုတ်ယှက်ယှက် သဘော်ာတွေ ဆိုက်မယ်
အနံ့မထွက်အောင် အရက်ရောင်းခဲ့သူ သဘော်ာဆိုက်မယ်
အရာရာကို နမိတ်ကောင်းအမြင်ထားသူ
သုကတောသဘော်ာလည်း ဆိုက်မယ်
တရားသံဆိတ်ရင်
ငါးမျှားချိတ်မှာ အစာချိတ်ပြီးသားဆိုတဲ့ ကောင်လည်းဆိုက်မယ်
"ရွှေသွား" ရယ်၊ "ရေမွှေး" ရယ်
အရက်မူးဝေပြီး ဆိုက်မယ်
ပုတ်ပုတ်စပ်စပ် သဘော်ာတွေဆိုက်မယ်
ဆိုက်မယ်
ကပ်မယ်

mgyoe.com

ပူးမယ် ခွာမယ်
ကဖိုးဆိုင်ထဲ
ခုလို
သဘော်တွေ ဆိုက်ကပ်လာပုံဟာဖြင့်
စကြာဝဠာကိုယ်တိုင် ကြောက်သွားရလောက်အောင်
စကြာဝဠာ ဖြစ်ခဲ့တယ်။
အဲဒီလို
စကြာဝဠာကိုယ်တိုင် သိမ်သိမ်ငယ်ငယ်
သိမ်ငယ်စိတ် မွေးခဲ့ရချိန်မှာပါပဲ
ညည
အိပ်မပျော်ဘူးဗျလို့
အမြဲတမ်းပြောပြောနေကျ
နှုတ်ခမ်းမွေးစစနဲ့ သဘော်ဟာ
လက်ဖက်ရည် ပါဆယ်ထုတ်ကလေးဆွဲပြီး
ပထမဦးဆုံး ထွက်ခွာသွားတော့ရဲ့။
မီနီမားကတ်နဲ့ တူတဲ့ ကောင်မလေးနောက်
အော်စလိုဂျင်းဘောင်းဘီ ဝတ်ထားတဲ့
လူငယ်သဘော်က ငေါက်ခနဲ
လိုက်ပါ ခုတ်မောင်းသွားတော့ရဲ့။
အလကားနေရင်း
ဟိုတယ်စာတွေ မှာမှာစားတတ်တဲ့
သဘော်ကတော့
ဒီကဖေးစားပွဲ ဆိပ်ကမ်းမှာ
အဆူညံဆုံး ကျောက်ချနေလေရဲ့။

တစ်ခါတုန်းကဆိုရင်
ဖုံးငါးကလေး အပြည့်တင်သဘော်ရယ်
ပိုးလောက်လန်း အပြည့်တင်သဘော်ရယ်
(တကယ်တော့လည်း
ကမ္ဘာလောကကြီးဟာ

mgyoe.com

ပိုးလောက်လန်း အပြည့်ပဲ မဟုတ်ဘူးလား)
အငြင်းသန်သန် သဘော်ရယ်
မြို့မျက်နှာဖုံး သူဌေးသား သဘော်ရယ်
စကားအချေအတင် ဖြစ်ကြရင်း
အဲဒီ ကဖီးဆိုင်ကြီးကို
ဝိုင်ဖောက်ပြီး သောက်ပစ်လိုက်ကြတယ်
တစ်ခါတုန်းကဆိုရင် တောင်ကြီးတစ်တောင်ကို
မိမိရဲ့ မွေးနေ့ကိတ်လို သယ်ဆောင်လာတဲ့ သဘော်ရယ်
မြစ်ကြီးတစ်မြစ်ကို လွယ်လာတဲ့ သဘော်ရယ်
ရုတ်တရက်တွေ့ဆုံ
အဆွေခင်ပွန်းဖြစ်ကြရင်း
မြစ်နဲ့၊ တောင်နဲ့လဲ ဖြစ်လိုက်ကြတယ်
အဲဒီ
မြစ်ကြီးဟာ
ဧရာဝတီ မြစ်ကြီးဖြစ်ပြီး
အဲဒီ
တောင်ကြီးဟာ
ပုပ္ပားတောင်ကြီး ဖြစ်ခဲ့တယ်။
တကယ်တော့
အဲဒီ
ကဖီးဆိုင်ဟာ
ဝင်ရိုးစွန်းကဖီးဖြစ်ပြီး

အဲဒီ
ကော်ဖီစားပွဲဟာ
ညည့်လယ်ယံစားပွဲ ဖြစ်ခဲ့တယ်
အဲဒါကို
အဲဒီစားပွဲနဲ့ ကဖီးဆိုင်က မသိခဲ့တာဟာ
ဆိပ်ကမ်းတစ်ခု ဖြစ်ခဲ့တယ်။

mgyoe.com

mgyoe.com


## ပြီးပါပြီ

အရက်နဲ့ စီးကရက်ကို ကြိုက်တယ်
ညီမလေးမမမြင့်ကို ချစ်တယ်
အလင်းရောင်ကို မြတ်နိုးတယ်
ကဗျာနဲ့ သစ္စာထားတယ်
အဆုံးအရှုံးများအတွက် ဝမ်းမနည်းဘူး
မကြောက်ဘူး
နောင်တမရဘူး
ခရီးကြမ်း၊ ဘဝကြမ်းတွေကို ကြင်နာတယ်
လဲပြိုနေသူတွေကို စာနာတယ်
ဒဏ်ရာနဲ့ ရက်များကို လှိုက်လှဲစွာ တွေ့ဆုံတယ်
ယုံကြည်ချက်ရှိတဲ့ ခြေလှမ်းတွေကို ရင်ခုန်တယ်
အမှားတွေနဲ့ သောက်စားမူးယစ်တယ်
ငါးမျှားချိတ်တွေက အစာကို ငါမဟပ်ဘူး
ငါ့ဘဝ ငါးစာကိုသာ ငါဟပ်ခဲ့တယ်။

၁၂–၅–၂၀၀၂

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## ညည်းချင်း

တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ လွှင့်ပစ်လို့ မရအောင်ဘဲ
ချစ်ကြတဲ့ အချစ်တွေလည်း ရော်ကျ
ဘယ်လိုကြီးလေလဲကွယ်

ထုထည်နဲ့ အတုံးအခဲတွေ ပစ်ပစ်ထည့်ခံရ
ကိုယ့်ကိုယ်ဆယ်ခဲ့ရတာ နှစ်သုံးဆယ်
ဘာခြေကုပ်မှ မရခဲ့
အရှုံးပွဲတွေချည်းပါပဲ
ကိုယ့်ကိုယ်စိတ်ပျက်မိတဲ့ ရောဂါရခဲ့တယ်

စိတ်ဝေဒနာတွေက မိုးသားတိမ်တိုက်တွေ
ရင်ထဲမှာ တလိပ်လိပ်တက်လာ
ငြီးငွေ့တယ် ငြီးငွေ့တယ်
အချစ်ကိုလည်း ငြီးငွေ့တယ်
ဘဝကိုလည်း ငြီးငွေ့တယ်
စတော်ဘယ်ရီသီးလေးကအစ ငြီးငွေ့မိတယ်
ကိုယ့်ကိုယ်ဘယ်လိုမှ ဖမ်းမမိတော့ပါ
ရာသီဆိုးသွမ်းလမ်းမမှာ
ပြန်ကျမိုးလေးတစ်ဖြိုက်လောက် ရွာချလိုက်ပါတော့ကွယ်။

၂၀၀၂၊ စက်တင်ဘာ

mgyoe.com

mgyoe.com

## စက်ဆန်းရဲ့ ဒိယံညနေ

မီးရထားသံလမ်း နံဘေး
မီးရထားသံလမ်းနှစ်ဖြာ ယှက်ဖြာလက်ထပ်ထားတဲ့
မီးရထားသံလမ်း နံဘေး
အရက်ဆိုင်တန်းကလေးမှာ
ယောကျ်ားသားတွေ အရက်သောက်ကြလို့
နွေလေကလေး တဖြူးဖြူး သေရည်ကလေးတမူမူး . . .တဲ့
စကားပြောဆို ရယ်မောသောကဆိုတာ သေရည်ဝိုင်းပါပဲ
လောကီကြောင်းရဲ့ ညနေကောင်းကင်
သင် အရက်သောက်ချင် လာခဲ့ပါတော့

ဗီးနှစ်ပင်မယား နှစ်ယောက်အောက်မှာ
ကလေးတစ်အုပ်ဟာ ဆော့ကစား ပျော်မြူးလို့
ကလေးတွေရဲ့ ဆော့ကစား ပျော်မြူးသံတွေဟာ
နွေလေကလေးပေါ့
သူတို့လည်း မူးနေကြတာပေါ့

ဟိုတစ်ဖက်မှာ အမှောင်
ရှေ့မှာ မော်တော်ကားတွေ စီးဆင်းရာဖြစ်
မီးရထားသံလမ်းဟာ ကုန်ရထားလမ်းကြောင်း
ကုန်ရထားဟာ သူ့သံလမ်းပေါ်
တစ်နေ့တစ်ခါက် မရောက်ပေမဲ့

mgyoe.com

mgyoe.com

ကလေးတွေနဲ့ အရက်သမားတွေကတော့
ဒီသံလမ်းပေါ် ညတိုင်းရောက်ကြ
သောက်ကြ စားကြ ပျော်ကြ ပါးကြ
နွေလေပြေ ပိန်တာရိုးကလေး ရောက်လာ
ကလေးတွေနဲ့ အတူဆော့ကစား
ဟိုအရက်သမားတွေနဲ့ အတူသောက်စား
နွေလေပြေ ပိန်တာရိုးကလေးခမျာ
ပျော်ရှာလို့
နွေလေပြေရယ် ဆုတောင်းမမှား
ဆုတောင်းကောင်းခဲ့ပါလား

အဲဒီအချိန်
သူလမ်းပေါ်မှာ သူဘုရင်
သူက ဒီလိုစိတ်ကြီးဝင်ပြီး
အသံမပေးဘာမပေးဘဲ
ကုန်ရထား
ရုတ်တရက်ကြီးမူးပြီး ဝင်ချလာ
သူဟာ ဓာတ်လိုက်ဖြစ်သွားခဲ့တယ်။

mgyoe.com

mgyoe.com

## စကြာဝဠာဆိပ်ကမ်းမှာ

၀ တိုက်ကြီးတွေက
ပင်လယ်ကူးသင်္ဘောကြီးတွေလို ဆိုက်ကပ်လို့ . . .

၀ စကြာဝဠာဆိပ်ကမ်းမှာ
ကြယ်တွေဟာ လူတွေ ဘာတွေဖြစ်လို့
ကုလားထိုင် အဟောင်းကြီးပေါ် တက်ထိုင်
ကိုယ့်မျက်နှာဟောင်းတာလည်း မသိ
လူဟာ . . .
ပြောင်းလဲတတ်တာကိုလည်း မသိ
ကမ္ဘာမြေကြီးဟာ ဟောင်းပေမယ့်
မပြောင်းလဲတတ်ဘူးဆိုတာလည်း မသိ
ကျွဲဘောကို စောင့်ကြလို့ . . .

၀ စကြာဝဠာဆိပ်ကမ်းမှာ
ကိုယ့်အလွမ်းကိုယ်သိတဲ့ ကြယ်တစ်ကောင်
လူဖြစ်ခွင့် ကြုံဖူးတယ် . . .

၀ စကြာဝဠာဆိပ်ကမ်းမှာ
အသားဖြူဖြူ ဝဝတုတ်တုတ်နဲ့ ကြယ်တစ်ကောင်
ကိုယ့်ကိုယ်ကိုယ် သစ္စာဖောက်ရင်း
အရောင်ပြောင်းလဲ ညရဲ့
အရာရှိဖြစ်ဖူးတယ် . . .

mgyoe.com

၀ စကြာဝဠာဆိပ်ကမ်းမှာ
အာပေါ်ခတ် ရှင်သန်လွန်းတဲ့ ကောင်တွေ
အတောင်တွေ ပေါက်ဖူး
လူလုပ်ဖူးတယ် . . .

၀ စကြာဝဠာဆိပ်ကမ်းမှာ
သစ်လုံးအိမ်နဲ့နေချင်တဲ့ ညဥ့်လေတစ်ကောင်
ပက်လက်လှန်ပြီး ဖိမ်ခံဖူးတယ် . . .

၀ စကြာဝဠာဆိပ်ကမ်းမှာ
ပင်နယ်တီတွေ
မဲနောက်တွေ
ဖောင်းတွေ
ဖြစ်ပြီးရင်းဖြစ်
တဖြစ်ထဲဖြစ်
တစ်ကောင်တည်း ဂိုးရှေ့ခြေရှုပ်ပြီး
ကိုယ့်ဂိုး ကိုယ်ပြန်သွင်းတဲ့
ကင်မရာတစ်လုံး အရက်မူးနေလေရဲ့။

mgyoe.com

mgyoe.com

## ဘတ်စ် မှတ်တိုင်

ညထွက်ပြေးစ
မနက်ခင်းတွေ ညင်းနွဲ့လေပြေ
ငွေနဲ့ဘယ်သူ ဝယ်ယူသွားလဲ
တကတဲလေ ပြေပြေလေးတောင် မတို့ခတ်တော့

ဒါနဲ့လေ
နေအလင်းရောင် တောက်ပြောင်ရဲရဲ
အပူကဲကဲလာ ရေလဲငတ်ပြီ
ဆယ်နာရီထိုးပေါ့ ခက်တော့တာပဲ
နေပူထဲရပ်ပြီး ဘတ်စ်ကားစောင့်ရ
ခြေတောင့်လှပြီ တကျိုကျိုလေ
မြည်တွန်နေကျ နေ့တရူဝ
ကြားနေကျကဗျာကို စာရေးလေးရွတ်နေပေါ့

တို့နှစ်ယောက်ကျ
ခေါက်ထီးလေးဖွင့် အဟင့်–အဟဲ
ခပ်သဲသဲပဲ ပျော်ပဲပျော်ကြ
လောကထဲမှာ တို့ပဲရှိရဲ့
အတွေးနဲ့လေ သည်နေရာမှာ
လာပြီး နိဗ္ဗာန်ဆောက်နေလိုက်တာနော်
ဟာ . . .

mgyoe.com

ရှိင်းပါ့ဗျာ
ဆဲလိုက်တာများ နားကိုအူပြီး
ဆူညံသွားရဲ့ တကယ့်လူပဲ
တယ်အဆဲသန်တယ် အော်နိုင်တယ်ဗျာ
ကားမလာနိုင်လို့တဲ့လေ ဆဲနေလိုက်တာ
အင်း . . .
ဒီအသံမျိုး ကြားဖန်များလို့
ကျုပ်အဖို့တော့ ရိုးနေပေါ့ဗျာ

အိုဗျာ . . .
ဒါတွေဒါတွေ ဘာမှတော့
မဆန်းသစ်ဘူးပေါ့လေ ဒါပေမဲ့လည်း
အဲဒီမသစ်ဆန်းတဲ့ အဖြစ်ရိုးရိုးများပဲ
လောကထဲ ပြည့်ပြီး
လောကကြီး လှုပ်ရှားနေတာပဲဟာ

ဟော
ပြောရင်းဆိုရင်းပဲ အတင်းထိုးကပ်
လူပြည့်ကျပ်ညှပ် ဘတ်စ်ကား ဆိုက်လာ
သူ့သူငါငါ တိုးဝှေ့ကာပဲ
ကားလည်းဆက်လို့ ထွက်ခွာသွား
စာရေးလေး တွဲလောင်း
အဆဲကောင်းသူမတ်တတ်
ရပ်လျက် နိဗ္ဗာန်ဆောက်သူများ
ပါသွားကြပြီ
သည်တသုတ်ပြီးလည်း
နောက်တစ်အုပ် ဝေါကနဲ
ပြုံလဲကျလာ
ဆူမှာဆဲမှာ နိဗ္ဗာန်လည်းဆောက်မှာ
ခေါက်ထီးလည်း ဖွင့်မှာပါ

mgyoe.com

mgyoe.com

ချေဘ် . . .
ဘတ်စ်မှတ်တိုင်ကြီး ကျွန်တော်သာ
ငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့တာပါဗျာ။

mgyoe.com

mgyoe.com

ပဲခူးပွဲတော်ည

လွှတ်နှဲ့ . . .
နွေဦးပန်းဖူး ပန်းငုံတို့အပေါ်
လ နှယ် . . .
လေညှင်းခံချင်လို့လား
လမင်းနဲ့များ
မှားယွင်းခဲ့လေသလား
ငှက်ပျောရွက်တွေ
ရွှဲလို့။

ဟေး ကြည့်စမ်း
ရွှေရောင်မီးကို ကစား
လေညှင်း ပိုးသားလေး . . .

၁၉၉၁၊ ပဲခူးပွဲတော်ည
ရန်သစ်၊

mgyoe.com

mgyoe.com

မင်းကလေးဆို့ ငါလွမ်း

မေ့ကျန်သော ပစ္စည်းများ
ငါ့နာရီ မှားနေတယ် . . .

ဘယ်သူ့ကိုမှ မစွက်ဖက်ခဲ့ပါဘူး
ကိုယ့်အသက်ကလေးကို သောက်ခဲ့တာပါ
ကိုယ့်ခရီးကလေး ကိုယ်လျှောက်ခဲ့တာပါ
မိုက်လုံးကြီးကြီး သစ်သီးတွေ ပြွတ်ခဲလို့ပေါ့
အသည်းလည်း ကြီးခဲ့ရပါပေါ့ အမေရယ်
သန္တိသုခလေပြေ
နေမဝင်ခဲ့ပါဘူး အမေရယ်

ဒါပေမယ့် . . .
လောကကြီးက
သားရဲ့ တံခါးကို ဖွင့်မပေးခဲ့ဘူးလေ၊
နေညိုနေချမ်း ငိုခန်းနဲ့ ကြုံလာလည်း
ဘယ်လို ဘယ်အခန်းက
ကတတ်ခဲ့ပါပြီ အမေ။

အမေရယ်
သားမှာလေ
ညရေးညတာ

mgyoe.com


mgyoe.com

ရင်ပူရေဆာတတ်တဲ့ ကဗျာလေးတွေပဲရှိပါတယ်
ကိုယ့်နူးညံ့မှုလေးသာ
ကိုယ်ပွေ့ပိုက်ရင်း။ ။

တေးကဗျာ။

mgyoe.com

mgyoe.com



ဆုတောင်းခန်း

အရက်ဆိုင်တွေဟာ ပျင်းရိတယ်
ဂန္ဓမာရေးစ်တွေလာမှ ထဖွင့်တယ်
တို့များမတော့ မိုးအလင်းဆိုင်လေးတွေပဲ
အားကိုးနေရ
ဘဝဟာ မိုးမလင်းသေးဘူးဆိုတဲ့ သဘောပေါ့။

သုတေသနဆိုတာ ပျော်ရွှင်မှုတွေပဲ
ဥစ္စာခနတွေက လူတွေကို မကောင်းမှုပေးရဲ့
လောကဟာ အလျားလိုက် စီးဆင်းလို့
ဖော်လ်ကန်နိုတွေဟာ ပေါက်ကွဲလို့
အသည်းဟာနီရဲလို့

mgyoe.com

ပန်းပဲဖိုမှာ ပြုပြင်စီရင်ရဦးမယ်
တကယ်တော့ ပန်းပဲဖိုဟာ
စီရင်ချက် ကျရာနယ်မြေ
ဓားတွေဟာ သံကောင်းဖို့လိုပေရဲ့။

ငါ့ဒုက္ခတွေနဲ့ငါ
လုံလောက်ပြည့်လျှံလို့
နောက်ထပ် ဒုက္ခမလိုတော့ပါဘူးဆိုမှ
လာချိုမြိန်နေပြန်ပြီ
ပြန်စရာ အိုးရယ် အိမ်ရယ် မရှိရာသူပါ
အဘိဓမ္မာတွေ နေပူလွန်းလှ
ဘဝကို အပြားလိုက် တည်ခင်းလိုက်ပါတယ်
အမြိုက်တရားတွေသာ
ဘဝမှာ ဆိုက်ကပ်ပါစေတော့။ ။

တေးကဗျာ
အောက်တိုဘာ၊၂၀၀၂။

mgyoe.com



mgyoe.com

mgyoe.com


အဖြေ

စိတ်ကို ပယ်ပယ်နယ်နယ် တူးဆွကြည့်လိုက်တော့
ကိုယ့်ဘဝကို အပြည့်လိုချင်လွန်းလို့တဲ့ အသံတစ်သံ
အဲဒီ အသံက
ကျည်ဆန်အပြည့် ထိုးထည့်ပြီး
ပစ်ချလိုက်ရာ
ဖြန်း . . .
ခန္ဓာကိုယ်တစ်ခုလုံးလုံး
မီးတွေ ပြန်လင်းလာ
ည သားကောင်ကိုရခဲ့ပေါ့။ ။

Beauty Max
မေ၊၂၀၀၄။

mgyoe.com